# မိုလိုတော့ဗ်

အတွဲ–၁ ၊ အမှတ်–၁၀ ၊ ဇွန် ၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန် f Molotov.to.Read




"မြို့ပြပြောက်ကျားရဲဘော်များအတွက်
မိမိကိုယ်တိုင် ဒုက္ခမဖြစ်စေဖို့
မသိသလိုနေပေး အရေးကြီးနေပြီ"

# ကလေးတွေပျောက်တဲ့သတင်း

● ဦး ●

ခေတ်စားနေတဲ့ ကောလာဟလ ဟာ
အခုမှစခဲ့တာမဟုတ်ဘူး။
ပြီးတော့ အဲ့ဒါဟာ
ကောလာဟလ လည်းမဟုတ်ဘူး။
ကလေးတွေတကယ်ပျောက်သွားတာ
အခုမှလည်းမဟုတ်ဘူး။
ကြာပြီ ... တော်တော့်ကိုကြာပြီ
တော်တော်ကြာကြာကနေအခုထိ
ပျောက်နေကြ
ပျောက်နေဆဲပဲ။
တို့ဆေးနဲ့တို့ခေါ် သွားတာလား ဆိုတော့
မဟုတ်ဘူး။
လူကုန်ကူးသမားတွေရဲ့ လက်ချက်လား
မဟုတ်ဘူး။
တဘက်နိုင်ငံဆီ ရောင်းစားကြတာလား
မဟုတ်ဘူး။
စလေအညာက ပုလွေဆရာကြောင့်လားဆိုတော့
မဟုတ်ပြန်ဘူး။
ကလေးတွေပျောက်နေတာ ကျနော်တို့ရှေ့မှာတင်
ကျောင်းလို့ ဆိုင်းဘုတ်တပ်ထားတဲ့
အဆောက်အအုံတွေထဲက
စကားလုံးတွေ ဝေါဟာရတွေနဲ့
ကျကျနန အမဲဖျက်ထားတဲ့စာသင်ခန်းတွေထဲမှာ
ကျနော်တို့ရဲ့ကလေးတွေ
ထိုင်နေရင်း၊ စာအံရင်း
တပ်မတော်သာ အမိ၊ တပ်မတော်သာ အဖ ဆိုတဲ့ ဆိုင်းဘုတ်ကြီးအောက်မှာ

ကျောင်းကားကိုစောင့်ရင်း
တွေးခေါ် ခွင့်မရကြရှာဘဲ
စကားပြောခွင့်မရကြရှာဘဲ
ရှိလျက်နဲ့ပျောက်ကုန်တာ။
ဟိုးတလောကတော့
ပျောက်သွားတဲ့ကလေးတွေကို
ရုပ်မြင်သံကြားအစီအစဉ်တခုမှာ
တွေ့လိုက်ကြသတဲ့။
ကလေးတွေက အသက်ကြီးကုန်ပေမယ့်
အမေတွေက ငယ်ရုပ်ကိုဖမ်းမိကြတယ်။
ငါ့သားလေး ငါ့သမီးလေးလို့ တတွတ်တွတ်ရွတ်ရင်း
ရုပ်မြင်သံကြားဖန်သားပြင်ကိုပွတ် ငိုကြတယ်။
ဖန်သားပြင်ပေါ် က ကလေးတွေကတော့
“ငါတို့သည် ... ပြည်သူ့ရန်သူ” ဆိုတဲ့
သစ္စာဓိဋ္ဌာန်ကို မေးရိုးတွေတင်းတဲ့အထိ
အော်ဆိုနေကြတယ်။
အခု ကလေးတွေပျောက်နေပြန်သတဲ့
ကလေးတွေပျောက်တဲ့သတင်း
ထပ်ကြားရပြန်သတဲ့ ... ။ ။

● မိုး



# စစ်ကျွန်ပညာရေး ဟာ စစ်ဘက်လွှမ်းမိုးရေး အယူအဆမျိုးစုံကို ဝါဒဖြန့်တယ်

ခါရွှေဦး



ဗမာ့ပညာရေးဟာ အခြေခံအားဖြင့် ဝိဇ္ဇာပညာနဲ့ သိပ္ပံပညာဆိုပြီး ၂ မျိုးရှိတယ်။ ဝိဇ္ဇာလို့ခေါ်တဲ့ ဘာသာ ရပ်တွေက အင်္ဂလိပ်စာ၊ မြန်မာ၊ ပထဝီ၊ သမိုင်းနဲ့ ဘောဂဗေဒတို့ပဲ။ သိပ္ပံပညာဆိုတာက ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ၊ ဇီဝဗေဒတို့ပါပဲ။ ဒါက အခြေခံပညာ သင်ရိုးမှာပါတဲ့ ဘာသာရပ်တွေပါ။ တက္ကသိုလ် သင်ရိုးတွေကိုလည်း ဒီနည်းတူ ခွဲခြား နားလည်နိုင်ပါတယ်။ ဒီအထဲမှာ ဝိဇ္ဇာဘာသာရပ်တွေက စိတ်ကိုသင်တာ အဓိကပဲ။ ဒီလို စိတ်ကို သင်တဲ့သင်ရိုးတွေမှာ စစ်ဘက်ဝါဒဖြန့်ချိမှုတွေကို ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းပို့ချတာ များပါတယ်။ သိပ္ပံဘာသာ ရပ်တွေမှာတော့ ဒီလိုလုပ်ဖို့ အခွင့်အလမ်း သိပ်မရဘူး။

ကျောင်းသင်ခန်းစာတွေမှာ စစ်ဘက်လွှမ်းမိုးရေး အယူအဆတွေ ထည့်သွင်းပုံကိုသိမြင်ဖို့ အခြေခံသင်ရိုးမှာ မူလတန်းကနေ ဆယ်တန်းအထိ (Grade-1 to 11) သင်ရိုးတွေကို တအုပ်ချင်းချပြီး တပုဒ်ချင်းဖတ်ကြည့်နိုင်တယ်။

အတန်းတိုင်း အဆင့်တိုင်းမှာ စစ်ဝါဒလွှမ်းမိုးတဲ့အယူအဆကို မဖြစ်မနေ ထည့်သွင်းဖော်ပြတယ်။ ယုတ်စွအဆုံး အပိုဘာသာရပ်အဖြစ်ယူရတဲ့ ဂီတဘာသာ ရပ်မှာတောင် စစ်ဘက်လွှမ်းမိုးရေးအယူအဆတွေ အတိအကျ ထည့်သွင်းထား

သေးတာပါ။ စစ်ဘက်လွှမ်းမိုးရေး အယူအဆဆိုတာ ဘာလဲ။

ပဒေသရာဇ် သက်ဦးဆံပိုင်ခေတ်က စွဲလန်းလာတဲ့ အယူအဆတွေကို အမျိုးသားရေးတံဆိပ်ကပ် ဒီနေ့ခေတ်အထိဆက်အမွေခံပြီး လူထုကို ဖိနှိပ်ချုပ်ခြယ်ဖို့ကြိုးစားတာဟာ စစ်ဘက်လွှမ်းမိုးရေး အယူအဆရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်။ တကယ်တော့ အမျိုးသားရေးဝါဒ (Nationalism) နဲ့ ပဒေသရာဇ် သက်ဦးဆံပိုင်ဝါဒ (Monarchy)ဟာ မတူဘူး။ ဆန့်ကျင်ကွဲပြားမှုတွေအများကြီးပါ။ အဓိကကွာခြားချက်က အမျိုးသားရေးဝါဒ (Nationalism) မှာ လူတွေဟာ တိုင်းပြည်ကိုသစ္စာခံရတယ်။ ပဒေသရာဇ် သက်ဦးဆံပိုင်ဝါဒ(Monarchy) မှာတော့ လူတဦးတယောက်တည်းကို သစ္စာခံရတာပါ။ ဘုရင်ကိုသစ္စာခံရတာ ဖြစ်တယ်။ ဒါပေမယ့် စစ်ကောင်စီရဲ့ သင်ရိုးစာအုပ်တွေမှာတော့ ဒီနှစ်ခုကို ရောချထားတာတွေ့ရမယ်။

စစ်ဘုရင်တွေကို အကွဲကွဲအပြားပြား ပြန့်ကျဲနေတဲ့ တိုင်းပြည်ကို စုစုစည်းစည်းဖြစ်အောင်တည်ထောင်ခဲ့သူတွေအဖြစ် မြင်အောင် ဝါဒဖြန့်ကြတယ်။ ဗမာ့ထီးနန်းကို ပုန်ကန်သူတွေကို အဖျက်သမားလို့သာ ပုံဖော်တယ်။ လူမျိုးစုအသီးသီးရဲ့သမိုင်းတွေ၊ ယဉ်ကျေးမှုတွေကိုလည်း ထိမ်ချန်ခြင်း၊ ပုံဖျက်ခြင်း အမျိုးမျိုးလုပ်ခဲ့ကြတယ်။ ဒီဘုရင်တွေ လုပ်ခဲ့သမျှဟာ ပဒေသရာဇ်ကျူးကျော်စစ်ပဲလို့ ဘယ်တော့မှမသင်ဘူး။

ဘာလို့လဲဆိုတော့ တိုင်းပြည်မှာ ရှိသမျှလူမျိုးပေါင်းစုံကို သူတို့ အနိုင်ကျင့်ဖိနှိပ်နေသမျှဟာ တိုင်းပြည်အတွက်ပဲလို့ တရားထူထောင်ချင် လို့ပဲ။ သောင်းကျန်းသူတွေကို တိုက်ခိုက်မောင်းထုတ်ပြီး တိုင်းပြည်မပြိုကွဲအောင် စွမ်းစွမ်းတမံ ကာကွယ်စောင့် ရှောက်နေရပါတယ်လို့ တရားထူထောင်ချင်လို့ပဲ။ လက်နက်ကိုင်တော်လှန်ရေးသမားတွေကို ပြည်ဖျက် သောင်းကျန်းသူတွေအဖြစ် ပုံဖျက်ချင်လို့ပဲ။ အချုပ်ပြောရရင်တော့ စစ်ကောင်စီကိုယ်တိုင်က ဒီနေ့ခေတ်ရဲ့ ပဒေသရာဇ် စစ်ဘုရင်တွေမို့လို့ပါပဲ။

ဒီလို အယူအဆတွေ တင်းကြမ်းပြည့်နေတဲ့ သင်ရိုးဟောင်းတွေကို လူငယ်တွေကလက်မခံကြတော့ဘူး။ စစ်ကျွန်ပညာရေးဆိုတာ ဘာလဲဆိုတဲ့ကိစ္စကို စစ်ကောင်စီက မသိချင်ယောင်၊ မတတ်ချင်ယောင်ဆောင်ပြီး အူသလို အသလို မုံလာဥ လုပ်နေပေမဲ့ လူငယ်မျိုးဆက်သစ်တွေကတော့ သူတို့ရှင်သန်ကြီးပြင်းရတဲ့ ခေတ်သမိုင်းရဲ့ အခြေအနေကြောင့် ချေးခါးအူမ အကုန်သိနေကြပါပြီ။ ဒါကြောင့် သူတို့ဟာ ခေတ်သစ်ကို မျှော်ကြတာပဲ။ စနစ်သစ်ကို တည်ဆောက်ကြတာပဲ။

သမိုင်းကို ဘယ်သူမှ ဆွဲဆန့် ဟန့်တားလို့ မရဘူး။ စစ်ကျွန်ပညာရေးဟာ ကျဆုံးရမှာ မုချပဲ။

● ခါနွေဦး



ဆောင်းပါး

# ဘုံရန်သူစစ်အာဏာရှင်စနစ်ကို မျက်ခြေမပြတ်ကြနဲ့

စိုးဟိန်း




တော်လှန်ရေးဟာ အရှိန်အဟုန်နဲ့ တိုးတက်ဖြစ်ထွန်းလာနေတယ်။ လူထုတိုက်ပွဲတွေ တခြိမ်းခြိမ်းဖြစ်နေသလို လက်နက်ကိုင်တိုက်ပွဲတွေလည်း တအုံးအုံး ဖြစ်လာနေတယ်။ သပိတ်တွေ တလုံးပြီးတလုံးပေါ်၊ ဗုံးတွေ တလုံးပြီးတလုံး ကွဲနေတယ်။

လက်နက်ကိုင်ပဋိပက္ခ သည်းသန်ပြင်းထန်လာတာနဲ့အမျှ ရန်သူရဲ့ ကောက်ကျစ်စဉ်းလဲမှုတွေလည်း ပိုကြီးထွားလာလိမ့်မယ်။ ဖိနှိပ်မှုတွေ ပိုပြင်းထန်လာမယ်။ သတိကြီးကြီးထားကြဖို့လိုတယ်။ လူမျိုးပေါင်းစုံ ပြည်သူတွေ ရင်ဆိုင်နေရတာ ပြည်တွင်းဖြစ် ဖက်ဆစ်အုပ်စုဖြစ်တယ်။ ဖက်ဆစ်ကို ဖက်ဆစ်လို့ ရဲရဲမြင်ပြီး အမြစ်အငုတ်မကျန်အောင် ရဲရဲဆန့်ကျင် တိုက်ထုတ်ပစ်ရမယ်။ တော်လှန်ရေး ရင့်ကျက်လာပေမယ့် တချို့က အခုအချိန်အထိ ဖက်ဆစ်တို့၊ စစ်အုပ်စုတို့ဆိုတဲ့စကားတွေ ပြောမထွက်နိုင်သေးဘူး။ စစ်ကောင်စီ၊ စကစဆိုပြီး လင်ငယ်မြှူသလို လုပ်နေတယ်။ စစ်ကောင်စီဆိုတာ စစ်အုပ်စုကို အမှီပြုပြီးပေါ်လာတာဖြစ်တယ်။ စစ်ကောင်စီကိုပဲ ဦးတည်တိုက်နေရုံနဲ့မပြီးဘူး။ စစ်အုပ်စု၊ စစ်အစိုးရ(စစ်ကောင်စီ)နဲ့ စစ်ဗျူရိုကရေစီ ယန္တရားတခုလုံးကို ဖြိုချဖျက်ဆီးဖို့လိုတယ်။ ဒါဟာ စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးဖြစ်တယ်။ ပြည်သူတရပ်လုံး တောင်းဆိုချက်ဟာဒီအချက်ပဲ။ ဒီအချက်ဟာ အရေးအကြီးဆုံးပဲ။ ဒီအချက်ကို မေ့မှိန်ပစ်လို့မဖြစ်ဘူး။ ဒီအချက်နဲ့ ပတ်သက်ရင် တွေဝေနေလို့မရဘူး။

တချို့က ပြည်သူကိုဗဟိုပြု၊ ကိုယ်စားပြုတဲ့ 'ပြည်သူ့'ဆိုတဲ့ စကားမျိုးကိုလည်း အသုံးပြုဖို့ ရွံ့နေဟန်ရှိတယ်။ ဘာရွံ့စရာရှိသလဲ။ အခုအချိန်မှာ ဘယ်သူ့ကို အရေးလုပ်ရဦးမလဲ။ လူမျိုးပေါင်းစုံ ပြည်သူတွေဟာ အနှစ် ၇၀ ကျော် ထုနဲ့ထည်နဲ့ ဖြစ်တည်ကြီးထွားလာတဲ့ ဖက်ဆစ် စစ်အာဏာရှင်စနစ်ကိုဖြိုချဖျက်ဆီးတဲ့ တိုက်ပွဲဝင်ကာလကို ရောက်နေပြီ။ နိုင်ငံရေး၊ တော်လှန်ရေး အဖွဲ့အစည်းတွေက ပြည်သူကိုပဲ မျက်နှာမူရမယ့်အချိန်ဖြစ်

တယ်။ ပြည်တွင်းပြည်ပက ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုမှန်သမျှနဲ့ လက်တွဲရမယ့် အချိန်ဖြစ်တယ်။ နောက်ဆုံးသွေးတစက်ကျန်တဲ့အထိ ပြည်သူနဲ့အတူလက်တွဲပြီး၊ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုတွေအကုန်ပူးပေါင်းပြီး တိုက်ကြရမယ့်အချိန် ဖြစ်တယ်။ ပြည်သူတွေဟာလည်း အချင်းချင်း တွဲလက်မဖြုတ်ဘဲ တင်းတင်းဆုပ်ပြီး သူလဲရင် ကိုယ်ကထူ၊ ကိုယ်လဲရင် သူကထူပြီး တိုက်ကြရမယ့်အချိန်ဖြစ်တယ်။

နိုင်ငံတကာ အဖိနှိပ်ခံပြည်သူတွေက ပြည်သူချင်း ရိုင်းပင်းလာရင်ကြိုဆိုမယ်။ နိုင်ငံတကာ အုပ်စိုးသူလူတန်းစားက ရေနစ်သူ ဝါးကူထိုးတာမျိုးမဟုတ်ဘဲ ရိုးရိုးသားသား ကူညီရင်ကြိုဆိုမယ်။ မီးစတဖက်၊ ရေမှုတ်တဖက် လုပ်နေရင်တော့ သတိနဲ့ဆက်ဆံပြီး ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြရလိမ့်မယ်။ ဖက်ဆစ်ဆိုတာ လူ့အဖွဲ့အစည်းမှာ ကြောက်စရာအကောင်းဆုံး ရန်သူပဲ။ ဒီလိုရန်သူကို ချေမှုန်းကြတဲ့အခါ ရှိရှိသမျှ လက်ဝဲလက်ယာ အင်အားစုတွေ အကုန်ပေါင်းစည်းပြီး ညီညီညွတ်ညွတ်နဲ့ တိုက်ပွဲဝင်ခဲ့တဲ့ သမိုင်းကိုကြည့်ပါ။ ရန်သူနဲ့ ရန်-ငါ ပြတ်သားတဲ့ ဆက်ဆံရေး၊ ရန်သူကို တော်လှန်ရေးအင်အားစုချင်း မိတ်ဖက်ဆက်ဆံရေး၊ ပြည်သူနဲ့ တော်လှန်ရေးအဖွဲ့အစည်းတွေရဲ့ ဆက်ဆံရေးတွေ ထူထောင်ချမှတ်ပြီး ပစ်ကွင်းရှင်းအောင် လုပ်ကြရတယ်။ ပစ်မှတ် မလွဲဖို့အရေးကြီးတယ်။

ဖက်ဆစ်ဆိုတာ ကောက်ကျစ်တဲ့နေရာမှာ၊ လိမ်ညာလှည့်ဖြားတဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ လောကတခွင်မှာ ဖက်ဆစ်ထက်ဆိုးတဲ့ရန်သူ မရှိဘူး။ ဒါပေမဲ့ သူခိုးက လူလူဟစ်တာ ထုံးစံပဲ။ ကလေးလူကြီးမရွေး၊ ကျားမ မရွေး၊ အမျိုးဘာသာမရွေး ညှင်းဆဲသတ်ဖြတ်တဲ့ ဖက်ဆစ်အုပ်စုဟာ တခြားသူကိုတော့ လူသတ်ကောင်လို့ ဦးအောင် လက်ညှိုးထိုးလေ့ရှိတယ်။ တခြားအဖွဲ့အစည်းတွေရဲ့ အဖွဲ့အစည်းတွင်းပဋိပက္ခကို ပုံကြီးချဲ့ပြီး လူတွေ ကြောက်အောင်၊ ရွံအောင် လုပ်လေ့ရှိတယ်။ ဖက်ဆစ်လောက် လူသတ်တာ ရှိဦးမလား။

သူတို့သတ်လွန်းလို့၊ မခံမရပ်နိုင်ဖြစ်လွန်းလို့ မိမိတို့ရှင်သန်ရပ်တည်နိုင်ရေးအတွက် ပြည်သူတွေက လက်နက်ကိုင်ပြီး ခုခံတော်လှန်ရတာဖြစ်တယ်။ အင်အားကြီးတဲ့ ရန်သူ့တပ်တွေကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်ဖို့ ပြည်သူတွေဟာ ခုခံတော်လှန်ရေးတပ်တွေဖွဲ့လာရတာဖြစ်တယ်။ တပ်ရှိမှတော့ သေနတ်ရှိရမှာပေါ့၊ လက်နက် ကြီးငယ် အသွယ်သွယ်ရှိရမှာပေါ့။ ဒီကနေ့ ဗမာပြည်ပဋိပက္ခမှာဆိုရင် ပြည်သူတွေဟာ ရန်သူသေတာ၊ အသတ်ခံရတာကို နှစ်ထောင်းအားရ၊ ဝမ်းသာအားရတွေ ဖြစ်လာကြပြီ။ ဂျင်နရေးရှင်းဇက်လေးတွေဟာ လူသတ်ကောင် မိစ္ဆာတွေကို သုတ်သင်ရှင်းလင်းရေးအတွက် စစ်ပညာတွေသင်နေကြပြီ။ လူသတ်လက်နက်တွေ ကိုင်တွယ် အသုံးပြုနေကြပြီ။ ဒါဟာ လူသတ်တာဖြစ်ပေမယ့် လူသတ်ဝါဒကျင့်သုံးတဲ့ ဖက်ဆစ်မိစ္ဆာတွေကို ရှင်းလင်းချင်လို့ သူတို့ကို ချေမှုန်းသုတ်သင်ရတာ ဖြစ်တယ်။


ဒီအခြေအနေကို ဘာကြောင့် ရောက်လာသလဲ။ ကျားတွေ ဆင်တွေလိုက်ရင် ရွှေသမင်



တွေအတွက်တော့ ပြေးဖို့သာတတ်နိုင်တယ်။ သူတို့မှာ သဘာဝအရ ပြန်ခုခံနိုင်စွမ်းမရှိဘူး၊ ကာကွယ်နိုင်စွမ်းမရှိဘူး။ မပြေးနိုင်တဲ့အဆုံးမှာ လည်စင်းပေးရတာပဲ။ သူတို့မှာ လက်နက်အားကိုးနိုင်တဲ့ အသိဉာဏ်နဲ့ ရုပ်ပိုင်းပြည့်စုံမှုမရှိဘူး။ လူတွေမှာတော့ရှိတယ်။ လူချင်းအတူတူ သူသတ်တာခံမလား။ ကိုယ်ကအရင်ဦးအောင် သတ်မလား သို့မဟုတ် ဘတပြန် ကျားတပြန်သတ်ကြမလားလို့ ရွေးချယ်လာကြရတာဖြစ်တယ်။ လူသတ်ကောင်တွေ (နှစ်ဖက်တပ်တွေ)က လူသတ်ပွဲ (စစ်ပွဲ) တွေ ရင်ဆိုင်နွှဲကြတဲ့အခါ အရေးကြီးတာ ဘယ်သူက ဘယ်သူ့ကိုသတ်သလဲ၊ ဘာကြောင့် သတ်သလဲ ဆိုတာပဲ။ ဓမ္မစစ်သည်လား၊ အဓမ္မစစ်သည်လား ကြည့်ကြဖို့လိုတယ်။ ‘မ’တထောင်သားတွေ လူသတ်လက်နက်ကိုင်ပြီး အကြိမ်ကြိမ်လူသတ်လာရတဲ့ အဖွဲ့အစည်းတွေမှာလည်း ရံဖန်ရံခါ ပြဿနာတွေ ရှိတတ်တာလည်း အဆန်းမဟုတ်ဘူး။ အဖွဲ့အစည်းတိုင်းမှာ ဖြစ်နေတာပါ။ အမေရိကန်တပ်ထဲမှာလည်း ဖြစ်တာပဲ။ ရုရှားတပ်တွေမှာလည်း ဖြစ်တာပဲ။ အတိုက်အခံ လက်နက်ကိုင်တွေကြားမှာလည်း ဖြစ်တာပဲ။ အတိတ်ကို သင်ခန်းစာယူ ပြီး အနာဂတ်မှာ အမှားကင်းအောင် တည်ဆောက်ကြရတာ ဖြစ်တယ်။

ပြည်သူကို ကိုယ်စားပြုပြီး ပြည်သူ့အကျိုးအတွက် တိုက်ပွဲဝင်နေတဲ့ အဖွဲ့အစည်းတိုင်း ပြည်သူကို မသတ်ဘူး။ အဖွဲ့အစည်းတွင်း ပဋိပက္ခရှိရင်တောင် အချင်းချင်း သတ်တာပဲရှိလိမ့်မယ်၊ ပြည်သူကို မသတ်ဘူး။ ပြည်သူ့ကိုယ်စားပြု အဖွဲ့အစည်းတွေနဲ့ ဖက်ဆစ်နဲ့ မတူတာက ဖက်ဆစ်တွေဟာ အချင်းချင်းလည်း သတ်တယ်၊ ပြည်သူကိုလည်း သတ်တယ်။ အချင်းချင်း သတ်တာကနည်းနည်း၊ ပြည်သူကို သတ်တာက များများ။ ဖက်ဆစ်ရဲ့ရန်သူက ပြည်သူပဲ။ ဖက်ဆစ်ဆိုတာ ပြည်သူကို လိမ်ညာမှိုင်းတိုက်၊ ဖိနှိပ်သတ်ဖြတ်ပြီး သွေးစုပ်ရှင်သန်တာ ဖြစ်တယ်။ ပြည်သူ့ရန်သူ နံပါတ်(၁)က ဘုံရန်သူဖြစ်တဲ့ ဖက်ဆစ်စစ်အုပ်စုပဲ။ ၂၁ ရာစု ဖက်ဆစ်တော်လှန်ရေးမှာ ဘုံရန်သူ ဖက်ဆစ်အုပ်စုကို မျက်ခြေမပြတ်ကြနဲ့။ ပစ်မှတ်မလွဲစေနဲ့။ စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းကြ။

● စိုးဟိန်း



# ပြောက်ကျားစစ်ဆင်ရေး



"ပြောက်ကျားတိုက်ပွဲဖြစ်လို့
အချိန်က အရေးအကြီးဆုံးအရာတခုအဖြစ် ပါပါတယ်။
တိုက်ပွဲအများစုကို တိုက်၊ လု၊ ဖျောက် ဆိုပြီးလုပ်ရမှာပါ။
အလစ်အငိုက်မှာတိုက်မယ်။ ရန်သူ့လက်နက်ကို လုမယ်။
ပြီးတာနဲ့ ခြေရာဖျောက်မယ်။"

၂

• သခင်ဆက် •

(၄) အချိန်။

လူလည်း စုဖွဲ့ပြီးပြီ၊ မြေပြင်အနေအထားလည်းကျွမ်းကျင်ပြီဆို အချိန်တွေစမှတ်ရပါမယ်။ ပြောက်ကျားတိုက်ပွဲဖြစ်လို့ အချိန်ကအရေးအကြီးဆုံး အရာတခုအဖြစ် ပါပါတယ်။ တိုက်ပွဲအများစုကို "တိုက်၊ လု၊ ဖျောက်" ဆိုပြီး လုပ်ရမှာပါ။ အလစ်အငိုက်မှာ တိုက်မယ်။ ရန်သူ့လက်နက်ကို လုမယ်။ ပြီးတာနဲ့ ခြေရာဖျောက်မယ်။ ဒီတော့ ဘယ်အချိန်တွေကို မှတ်ထားရမလဲ ...

(က) မြေပြင်မှာ မှတ်သားထားရမည့် အချိန်များ။

– ခွေးများ Round လှည့်နေကျ အချိန်

– ကင်းစခန်းမှာ Duty လဲတဲ့အချိန်

– တိုက်ပွဲသတင်းရတာနဲ့ အနီးစပ်ဆုံးထောက်ပို့ရောက်လာနိုင်တဲ့အချိန်(ဆန္ဒပြပွဲကို ဖြိုခွဲဖို့ဖြစ်စေ၊ တိုက်ပွဲကို တပ်ကူလွှတ်တာဖြစ်စေ)

– အကွာအဝေးတခုနှင့် တခုအကြား လာရန်ကြာချိန် (မိုင် ၆၀ ခရီးကို ၁ နာရီ မိုင် ၆၀ နဲ့ မောင်းလာရင် ကြာချိန် ၁ နာရီပါ။ တနာရီမိုင် ၃၀ နှုန်းနဲ့လာရင် ကြာချိန် ၂ နာရီပါ။)

(ပုံသေနည်းကတော့ ကြာချိန် = အကွာအဝေး ÷ မြန်နှုန်း)

(ခ) လက်နက်ခဲယမ်းများ၏ အချိန်များ။

ရန်သူ့လက်နက် ကိုယ့်လက်နက်ဖြစ်အောင်မလုပ်နိုင်ခင် ကနဦးတိုက်ပွဲအောင်မြင်ဖို့ ကိုယ်တိုင်လက်နက်ထုတ်လုပ်ရပါမယ်။ ပြည်တွင်းမှာရနိုင်တဲ့ ကုန်ကြမ်းတွေအပေါ် မူတည်ပြီး လုပ်နိုင်တဲ့လက်နက်များကို နောက်အခန်းမှာ ဖော်ပြပါမယ်။ ဒီအခန်းမှာတော့ အချိန်အကြောင်းဆက်ပြောကြဦးစို့ ...

– စနက်တံများ လောင်ရန်ကြာချိန် (လိုသလောက် ချိန်ကိုက်သုံးနိုင်ရန်)

– တူမီးတချက်ပစ်ရန် ပြင်ဆင်ချိန်

– Gas Gun တချက်နှင့် တချက်အကြား ပြင်ဆင်ရန်ကြာချိန် စတာတွေကို ကြိုတင်စမ်းသပ်ကာ အချိန်တွေ မှတ်ထားရပါမယ်။

ဆောင်းပါး

(ဂ) အစမ်းလေ့ကျင့်ခြင်း။

အထက်က အချိန်တွေအားလုံး လေ့လာစမ်းသပ်ပြီးတာနဲ့ အစမ်းလုပ်ဖို့ အဆင်ပြေတဲ့ အရာတွေကို အစမ်းလေ့ကျင့်ထားဖို့ လိုပါမယ်။ ဥပမာ–သတ်ကွင်းရွေးထားတဲ့ လမ်းကြောင်းတလျှောက်မှာ မိုင်(၃၀)ကြိုပြီး ကိုယ့်ဘက်က ကင်းထောက်ရှိတယ်ဆိုပါစို့။ ဒီကင်းထောက်က လမ်းကြောင်းမှာ ရန်သူထောက်ပို့အဖွဲ့ တက်သွားတာမြင်တာနဲ့ တိုက်ခိုက်ရေးအဖွဲ့ကို သတင်းပေးမယ်။ တိုက်ခိုက်ရေးအဖွဲ့က သတ်ကွင်းနေရာကို ခွေးထောက်ပို့အဖွဲ့ထက် ဘယ်နှမိနစ်စောပြီး ကြိုရောက်အောင် သွားစောင့်နိုင်မလဲဆိုတာကို တကယ်သွားပြီး အစမ်းလေ့ကျင့်ထားရပါမယ်။ ခွေးထောက်ပို့ ယာဉ်တန်းအစား ခရီးသည်တင်ယာဉ်လိုမျိုး လမ်းကြောင်းပုံမှန်ရှိတဲ့ ယာဉ်တွေကို အစားထိုးလေ့ကျင့်နိုင်ပါတယ်။

(ဃ) တာဝန်များ။

ပြောက်ကျားတပ်ဖွဲ့တဖွဲ့ဖြစ်ဖို့ အောက်ပါတာဝန်တွေကိုယူထားတဲ့ သက်ဆိုင်ရာအဖွဲ့ဝင်တွေ ရှိရပါမယ်။

(က) တိုက်ခိုက်ရေး။

အဓိကအကျဆုံးဖြစ်ပါတယ်။ ကိုယ့်မှာရှိတဲ့ လူသူလက်နက်ပေါ် မူတည်ပြီး အောက်ပါ Role တွေခွဲထားနိုင်ပါတယ်။

– မိုင်းဆွဲ။ မိုင်းခွဲ

ရှော့တိုက်စနက်တံနဲ့အဝေးထိန်း။ ဝါယာကြိုးရှိတယ် (သို့) မီးရှို့စနက်တံအရှည်ရှိပြီး ရန်သူသတိမထားအောင် ရှို့လို့ရနိုင်တယ်ဆို လုပ်ရမယ့်အလုပ်ပါ။ ရန်သူ့မျက်ကွယ် အဝေးကနေပြီး သတ်မှတ်နေရာကို ရန်သူရောက်ချိန်နဲ့ ကွက်တိခွဲရပါမယ်။

– လက်ပစ်ဗုံးပစ်

အဝေးကနေ မိုင်းဆွဲဖို့မဖြစ်နိုင်ရင်(သို့)မိုင်းဆွဲတာ ထိခိုက်မှုမလုံလောက်ရင် မီးရှို့စနက်တံနဲ့ အချိန်ကိုက်ပစ်ရမယ့် အလုပ်ပါ။ လက်ရှိအတွေ့ရ အများဆုံးအလုပ်လည်း ဖြစ်ပါတယ်။ ရန်သူ့မျက်ကွယ်ကနေ ပစ်လို့ရတဲ့ အကွာအဝေးရောက်မှ အချိန်ကိုက်ပစ်ရပါမယ်။ အဝေးကနေ မိုင်းဆွဲပြီး ရန်သူအငိုက်မိချိန် တက်ပစ်တာမျိုးလည်း လုပ်လို့ရပါတယ်။ သယ်ရလွယ်ကူပြီး အချိန်တိုအတွင်းပေါက်ကွဲနိုင်လို့ တိုက်ပွဲတိုင်းမှာ အမြဲဆောင်ထားရမယ့်အရာပါ။

– အနီးပစ် (တူမီး။Gas)

ကနဦးတိုက်ပွဲမှာ လက်လုပ်သေနတ်နဲ့ပဲ စရဖို့များပါတယ်။ တူမီးကို Shotgun အနေနဲ့ သုံးကြပြီး Gas Gun ကိုတော့ တတောင့်ထိုး လေသေနတ်အနေနဲ့ သုံးပါတယ်။ နှစ်ခုလုံးက အကွာအဝေး အတိုင်းအတာတခုထိပဲအသုံးဝင်ပြီး တချက်နဲ့တချက်အကြား ပြင်ဆင်ချိန်ရှိတာမို့ လုံလောက်တဲ့အကွာအဝေးမှာ စောင့်ဆိုင်းပြီး အချိန်ကိုက်ထိမိအောင် ပစ်ဖို့လိုပါတယ်။ ရန်သူ့အင်အားကိုမူတည်ပြီး လူအင်အားပါ ချိန်သွားပါ။ စခန်းသိမ်းတိုက်ပွဲလိုမျိုးမှာ ရန်သူဘက်ကအထိနာမှ(သို့)တပ်ပျက်မှ တက်ပစ်သင့်ပါတယ်။ မဟုတ်ရင် ရန်သူက လက်နက်သာတာမို့ ကိုယ့်ဘက်အထိနာဖို့ များပါလိမ့်မယ်။

– အဝေးပစ် (ရိုင်ဖယ်)

လက်လုပ် တထောင့်ထိုးရိုင်ဖယ်(သို့) ရိုင်ဖယ်အစစ်တွေရလာခဲ့ရင် လုပ်ရမယ့် Role ပါ။ အဝေးပစ်ဖြစ်လို့ လက်ဖြောင့်အောင် ကျင့်ထားဖို့လိုပါမယ်။ နှောင်းပိုင်းတိုက်ပွဲရောက်လေ၊ ပိုအသုံးပြုရလေဖြစ်တဲ့ Role ပါ။

(ခ) ကင်းထောက်။

ရန်သူဝင်ထွက်နေတဲ့လမ်းကြောင်းတွေ၊ ကိုယ်ဝင်ထွက်မယ့် လမ်းကြောင်းတွေနဲ့ သတ်ကွင်းတဝိုက်မှာ ကင်း ထောက်တွေချထားရပါမယ်။ တိုက်ခိုက်ရေးအဖွဲ့ရဲ့အောင်မြင်မှုက ကင်းထောက်တွေအပေါ်မှာ မှီခိုနေပါတယ်။ ကင်းထောက်တွေက အချိန်နဲ့တပြေးညီ တိတိကျကျ သတင်းပေးနိုင်မှ တိုက်ခိုက်ရေးအဖွဲ့က အချိန်ကိုက် အကျအဆုံးမရှိအောင် တိုက်နိုင် ဆုတ်နိုင်မှာပါ။

(ဂ) ထုတ်လုပ်ရေး။

ကနဦးတိုက်ပွဲများအတွက် လိုအပ်တဲ့ လက်နက်ခဲယမ်းများထုတ်ဖို့ပါ။ လိုအပ်တဲ့ကုန်ကြမ်းရှာဖို့လိုအပ်ပါတယ်။ လက်လုပ်သေနတ်များလုပ်ဖို့ လက်မှုပညာကျွမ်းကျင်သူများ လိုပါတယ်။ သေနတ်ဒင်တွေထွင်းဖို့ လက်သမားပညာ တီးမိခေါက်မိသူလိုပါမယ်။ လက်လုပ်တထောင့်ထိုးရိုင်ဖယ်အတွက် တွင်ခုံနဲ့ ဂဟေကျွမ်းကျင်သူတွေ လိုပါတယ်။

(ဃ) ရန်ပုံငွေ။

လက်နက်ထုတ်လုပ်ဖို့၊ လိုအပ်ရင် ရှောင်တိမ်းဖို့ အဖွဲ့အတွက် ရန်ပုံငွေလိုပါတယ်။ အဆက်အသွယ်ကောင်းတဲ့သူများက မိမိယုံကြည်စိတ်ချရပြီး နီးကပ်တဲ့အသိုင်းအဝိုင်းမှာ အလှူခံရင်း ရံပုံငွေရှာနိုင်ပါတယ်။ တော်လှန်ရေးအတွက် လှုပ်ရှားနေကြတဲ့ အခြားယုံကြည်ရတဲ့ အဖွဲ့အစည်းတွေနဲ့လည်း ဆက်သွယ်အကူအညီ တောင်းခံလို့ရရင် တောင်းခံကြည့်ပါ။ လူတယောက်နဲ့တယောက် တော်လှန်ရေးရေချိန် မတူတာကြောင့် CDM Support လို ပေါ်ပေါ်ထင်ထင်အလှူခံဖို့တော့ မလွယ်ပါဘူး။ အခြေအနေကြည့်ပြီးသာ ရှာဖွေပါ။

(င) အရံအဖွဲ့များ။

အဓိကအဖွဲ့ရဲ့လှုပ်ရှားမှုတိုင်းကို အရံအဖွဲ့က သိဖို့မလိုပါဘူး။ အရံအဖွဲ့အနေနဲ့ ဒဏ်ရာရလာရင်ဆေးကုပေးဖို့ ဆေးအဖွဲ့၊ အခြားနယ်ကို ရှောင်းရတိမ်းရရင် ပို့ဆောင်၊ လက်ခံထားဖို့ လုံခြုံရေးအဖွဲ့ စသည်ဖြင့် လိုအပ်ပါတယ်။ ဒီအဖွဲ့တွေကို ချိတ်ဆက်ထားပြီး အရေးကြုံရင် အသင့်ဖြစ်နေဖို့သာ ပြောထားဖို့လိုပါတယ်။ လိုအပ်မှသာ သုံးရမယ့်အဖွဲ့တွေဖြစ်ပြီး တပ်ဖွဲ့ရဲ့လှုပ်ရှားမှုတွေကို အသိပေးစရာမလိုပါဘူး။

● သခင်ဆက်



# ကြက်ဥနဲ့ ငုံးဥကြား ဘဲဥတွေ လစ်လပ်နေပြီ

● မောင်စိမ့် ●



ခေါင်းစဉ်ကြီးဖတ်ပြီး ငါတို့က နိုင်ငံရေးဖတ်ချင်တာ ဘယ့်နှယ့် ကြက်ဥ၊ ငုံးဥ၊ ဘဲဥဈေးကွက်တွေ လာချဲ့ထွင်နေရတာလဲလို့တော့ မတွေးပါလေနဲ့ ချစ်တို့ရေ။ ဘဲဥလို့ နာမည်ပြောင်နဲ့ခေါ်ခေါ်နေကြတဲ့ ပြည်ထဲရေးအောက်က မော်တော်ပီကယ်တွေအကြောင်းပါ။ ကြက်ဥ၊ ငုံးဥဆိုတာကတော့ စစ်ခွေး၊ ရဲခွေးတွေကို နာမ်စားသုံးချင်တာပါ။

တို့တတွေ ခုခံမယ် ဉလှုန်မယ်လုပ်ကြတော့ ကြက်ဥ၊ ငုံးဥကိုပဲ အာရုံတွေအသေစိုက်ပြီး တီးခဲ့ကြတာ။ နေ့စဉ်နဲ့အမျှ ကြက်ဥတွေ၊ ငုံးဥတွေ အတုံးအရုံး လဲပြိုနေကြတာ ဝမ်းသာစရာပါပဲ။ ဒါပေမဲ့လေ ကြက်ဥတွေ ငုံးဥတွေကြား ဘဲဥတွေလစ်လပ်လို့ အခွင့်သာနေကြတာ မေ့နေမှာစိုးလို့ မောင်စိမ့်က သတိပေးချင်တာပါဗျာ။

ဘဲဥဆိုတာ ပြည်ထဲရေးအောက်က မော်တော်ပီကယ် ရဲခွေးဖြူဖြူတွေပါ။ ဒီကောင်တွေ တို့တွေရဲ့တော်လှန်ရေးကို ဘယ်လောက် အနှောင့်အယှက်ပေးသလဲဆိုရင် ဆန္ဒပြပွဲတွေရှိရင်လည်း လမ်းဆုံလမ်းခွ ထောင့်တွေကနေ ဝေါ်ကီတော်ကီတွေနဲ့ သူ့ပထွေး ကြက်ဥ ငုံးဥတွေဆီ ချက်ချင်းသတင်းပို့ပါတယ်။ ဆန္ဒပြပွဲရှိလို့ လမ်းတွေပိတ်ဖို့ ကားပျက်ကြပြီဆိုရင်လည်း အဲ့ဒီဘဲဥတွေပဲ လမ်းတွေ အသေအလဲရှင်းပြီး ကျွန်ပါးဝကြတာပါ။

ဒံပေါက်ကျွေးကြတဲ့ အဖွဲ့တွေကိုဆိုရင်လည်း ဘယ်ကားအမျိုးအစား၊ ဘယ်နံပါတ်နဲ့လာတယ်ဆိုတာက အစ သူတို့ပထွေးတွေဆီကို အတိအကျ သတင်းပို့တာပါပဲ။ ဘယ်လောက်ဆိုးတဲ့ ကောင်တွေလဲဗျာ။ CDM မလုပ်ဘာမလုပ် နဲ့ ကျက်သရေအတော်ယုတ်တဲ့ ဒလန်ဘဲဥတွေပါ။

အဲ CDM ဆိုလို့ ကညန ဝန်ထမ်းတချို့ CDM ဝင်တယ်၊ ကားပိုင်ရှင်တွေ ကားလိုင်စင် သက်တမ်းမတိုးဘဲ အခွန်မဆောင်ဘူးဆိုတဲ့ CDM ဝင်ထားကြတာ အတော်များများ အသိပါပဲ။ ဒီလို CDM ဝင်ထားကြလို့ လိုင်

ဆောင်းပါး

စင်သက်တမ်းတွေလည်း ကျော်နေကြပြီလေ။

ခုတော့ အဲ့ဒီဘဲဥတွေက သူတို့ကိုယ်တိုင်လည်း CDM မလုပ်၊ CDM ဝင်ထားတဲ့ ကားတွေကိုလည်း နေရာအနှံ့ဖမ်းပြီး စားပေါက်ရှာနေကြတာပါပဲ။ ဒါကို ကားပိုင်ရှင်တွေ ရော တက္ကစီဆရာကြီးများ အသိပါပဲ။ တော်တော့်ကို အနှောင့်အယှက်ပေးတဲ့ ဘဲဥတွေပါ။

ဘဲဥတွေ CDM ဝင်လို့ လမ်းတွေပိတ်ကုန်မယ် ဘာညာတော့ လာမညှောင့်နဲ့နော်၊ ညှောင့်တဲ့ကောင် ဒလန်ပဲဟေ့။ ဆန္ဒပြပွဲတွေ အကြီးအကျယ်ရှိချိန်က လမ်းတွေကို သူတို့မလိုဘဲ ကိုယ့်အသိစိတ်နဲ့ကိုယ် ဒို့ပြည်သူ အချင်းချင်း နားလည်မှုနဲ့ မောင်းခဲ့၊ ရှင်းခဲ့ကြတာ မနည်းပါဘူး။

ဒီကောင်တွေဟာ တော်လှန်ရေးရဲ့ ဘယ်လှုပ်ရှားမှုမဆို အတော်ကို ဒုက္ခသုက္ခပေးနေတဲ့ ဂြိုလ်ကောင် ဘဲဥတွေပါ။ "ခုခံမယ် ဥလှန်မယ်"ဆိုရာမှာ ဒီဘဲဥတွေကို မေ့မနေကြဖို့ မောင်စိမ့် သတိပေးချင်တာပါပဲ။ နောက်မို့ဆို တော်လှန်ရေးမှာ မေ့ကျန်ခဲ့တဲ့ ဆူးငြောင့်ခလုတ်တခုရှိနေရင် ဘစိုင်းသီချင်းထဲကလို ...

"ရုပ်ရှင်ရုံထဲမှာတောင် လက်ကိုင်လိုက်သေးတယ် ပြီးတော့ဘာမှဆက်မဖြစ်ဘူး"ဆိုတာမျိုး ...

"ဆန္ဒတွေဘာတွေပြလိုက်သေးတယ် ပြီးတော့ဘာမှဆက်မဖြစ်ဘူး"

"ဗုံးတွေဘာတွေခွဲလိုက်သေးတယ် ပြီးတော့ဘာမှဆက်မဖြစ်ဘူး"ဖြစ်ပြီး တော်လှန်ရေး ဇာတ်မျောကြီး ဖြစ်နေလိမ့်မယ်နော်။ တို့တွေ ပေးလိုက်ရတာတွေ ဆုံးရှုံးမှုတွေများပြီး မကြာသင့်ဘဲ ကြာသွားလိမ့်မယ်။

(အဲ့အဖိုးကြီးသီချင်း ယူကိုးကားလို့ သူ့ကို အဟုတ်ထင်မနေနဲ့ဦး။ အဲ့ သက်ကြားအိုကြီးလည်း SP လုပ်ကြပါအုန်းနော်)

အဲ့တော့ ဒီကောင်တွေကို မြန်မြန်လေး ဇွပ်ဇွပ်ဖြစ်ဖြစ်၊ ဒိုင်းညှောင့်ဖြစ်ဖြစ်၊ ဒံပေါက်ဖြစ်ဖြစ် တခုခုတော့ ကျွေးရပါမယ်။ ဒါမှလည်း ခုခံ ဥလှန်ကြတဲ့ပွဲဟာ ပြီးပြည့်စုံလိမ့်မယ်။ တော်လှန်ရေးရဲ့ ဆူးငြောင့်ခလုတ်ကိုရှင်းရာလည်း ရောက်ပါလိမ့်မယ်။ ကဲ တော်လှန်ရေးဇာတ်မျောကြီးဖြစ်မနေအောင် လစ်လပ်နေတဲ့ ဘဲဥတွေကို မြန်မြန် ရိုက်ခွဲ၊ ပစ်ခွဲ၊ ထုခွဲကြစို့ဟေ့ ... ။

(မိုလိုတော့ဗ်ခက်ဆစ်-

ဥလှန်=ကြက်ဥ၊ ငုံးဥ၊ ဘဲဥများကို အခွံများ အစိတ်စိတ်အမွှာမွှာ လန်ပြန်ကွဲကြေထွက်သွားအောင် ရိုက်ခွဲ၊ ပစ်ခွဲ၊ ထုခွဲခြင်း)

● မောင်စိမ့်





# ပြည်တွင်း
# သတင်းအတိုအထွာ

(၂၇.၅.၂၀၂၁)

■ စစ်ကောင်စီကြောင့် တိုင်းပြည်ကဏ္ဍစုံပျက်စီးပြီး ပြည်တွင်းစစ်မီးဟုန်းဟုန်းတောက်စေဟု (RCSS/SSA) ဗိုလ်ချုပ်ကြီးယွက်စစ် ပြော။

■ စစ်အာဏာရှင်လက်ထက် တလအတွင်း ဆန်စျေး တအိတ်လျှင် ကျပ် ၂၅၀၀ ခန့်အထိ မြင့်တက်။

■ Total, Chevron ပူးပေါင်းသဘာဝဓာတ်ငွေ့လုပ်ငန်းကနေ နိုင်ငံပိုင် MOGE ကိုအမြတ်ငွေပေးခြင်းဆိုင်းငံ့ ။

■ သေဆုံး ကလေး ၇၀ ကျော်အတွက် အကြမ်းဖက်စစ်တပ်ကို နိုင်ငံတကာက အရေးယူနိုင်ရန် NUG စီစဉ်နေ။

■ CRPH ကို နိုင်ငံတကာပါလီမန်အမတ်များအဖွဲ့ (IPU)က အခိုင်အမာထောက်ခံ။

(၂၈.၅.၂၀၂၁)

■ မြန်မာအပေါ် လက်နက်ရောင်းချမှုရပ်တန့်ထားခြင်းကို အာဆီယံ ၉ နိုင်ငံက ကန့်ကွက်။

■ ကြားကာလအတွင်း ကချင်မှာ အစိုးရဖွဲ့စည်းဖို့ CRPH နဲ့ KPICT တို့ သဘောတူ။

■ ကယား၊ ဒီးမော့ဆိုတွင် တိုက်ပွဲပြင်းထန်လျက်ရှိ။

(၂၉.၅.၂၀၂၁)

■ ဥပဒေအကာအကွယ်မရရင် ကိုယ်တိုင်ခုခံပိုင်ခွင့်ကျင့်သုံးမည်ဟု ကြံ့ဖွတ်ပါတီ(USDP) ထုတ်ပြန်။

■ စစ်တပ်အရာရှိ၊ စစ်သည်သားသမီးများကို မဖြစ်မနေ ကျောင်းတက်ရန် ညွှန်ကြား။

■ NUG နဲ့ ချင်းအမျိုးသားတပ်ဦး သဘောတူညီချက်လက်မှတ်ရေးထိုး။

(၃၀.၅.၂၀၂၁)

■ စစ်အာဏာသိမ်းကာလ စုံစမ်းမရဘဲ အစအနပျောက်ဆုံးနေသူ ၇၅ ဦးရှိဟု အေအေပီပီ ထုတ်ပြန်။

■ Posco ကုမ္ပဏီက မြန်မာကို သဘာဝဓာတ်ငွေ့စီမံကိန်းအမြတ်ဝေစု ပေးချေနေမှု ပြန်သုံးသပ်မည်။

■ စစ်တပ်အာဏာသိမ်းပြီးနောက် မြန်မာပြည်သူ ၁၂၀၀၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးနေရဟုUNHCRထုတ်ပြန်။

■ PNO ကို စစ်ကောင်စီနှင့်ပူးပေါင်းလျှင် တိုက်ပွဲအတွက်အသင့်ပြင်ရန် ပအိုဝ်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ PNDF သတိပေး။

■ ရိုဟင်ဂျာအရေး ICJ နဲ့ ပူးပေါင်းဆောင်ရွက်ရန်ကြိုးပမ်းနေဟု NUG ထုတ်ပြန်။

(၃၁.၅.၂၀၂၁)

■ စကစတပ်အတွက် ထိုင်းစစ်တပ်က ရိက္ခာပို့ပေးနေဟု KNU ထုတ်ပြန်။

(၁.၆.၂၀၂၁)

■ နိုင်ငံတဝန်း အခြေခံပညာကျောင်းများပြန်ဖွင့်၊ ကျောင်းသားဦးရေထက် လုံခြုံရေးကပိုများနေ။

■ စစ်ဗိုလ်ချုပ်တစု၏ လက်ကိုင်တုတ်အဖြစ်မှရုန်းထွက်၍ ပြည်သူနှင့်ပူးပေါင်းရန် တပ်မတော်သားများကို NUG ဖိတ်ခေါ်။

■ အရေးပေါ် အကူအညီများ ထောက်ပံ့ပေးရန် ပြည်တွင်းပြည်ပအဖွဲ့များကို NUGတိုက်တွန်း။




(၂၇.၅.၂၀၂၁)

■ ရန်ကုန်၊ သာကေတမှာ ဒလန်နာမည်ထွက်သူ ရပ်ကွက်ရာအိမ်မှူးဟောင်း ဦးဘုန်းငွေပစ်သတ်ခံရ။

■ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် စကစလက်အောက်ခံ ကြံ့ဖွံ့ပါတီဥက္ကဌ ပစ်သတ်ခံရ။

■ မေ ၅ မှ ၂၆အထိ KNU နှင့် တိုက်ပွဲများတွင် စကစ ၁၂၈ ဦးသေ။

(၂၈.၅.၂၀၂၁)

■ မန္တလေး၊ မိတ္ထီလာဆေးရုံရှေ့ ပစ်ခတ်မှုဖြစ်ပွားပြီး ရဲ ၁ ဦးသေဆုံး။

■ မကွေး၊ ဂန့်ဂေါတိုက်ပွဲတွင် စကစ ၅ဦးသေ၊ စစ်ကား ၁ စီးမီးလောင်။

■ စစ်ကိုင်း၊ ခင်ဦး၊ အိုင်ပေါက်ကြီးကျေးရွာမှာ ဒလန်တဦး ပစ်သတ်ခံရ။

(၂၉.၅.၂၀၂၁)

■ စစ်ကိုင်း၊ ကနီမြို့တွင် ရေချိုးနေသောအမျိုးသမီးများအား မဖွယ်မရာလုပ်ပြတဲ့ စစ်သားကို ရဲကပစ်သတ်။

■ စစ်ကိုင်း၊ ခင်ဦး၊ နှောကုန်းရွာတွင် စကစ သတင်းပေးနှင့် ရွာတာဝန်ခံ သုတ်သင်ခံရ။

■ KNU နှင့် အကြမ်းဖက်စစ်တပ်တိုက်ပွဲ ၂ ကြိမ်ဖြစ်၊ အကြမ်းဖက်စစ်သား ၄ ဦးသေ။

(၃၀.၅.၂၀၂၁)

■ စစ်ကိုင်း၊ ကသာမြို့နယ်တိုက်ပွဲတွင် စကစတပ်ဖွဲ့ဝင် ၄ ဦး သေဆုံး။

■ ဧရာဝတီ၊ ပုသိမ်မြို့၊ တိုင်းရဲရုံးက ရဲအုပ်နှင့် ရဲတပ်သား အချင်းချင်း ပစ်ခတ်မှုဖြစ်၊ ရဲတပ်သား သေဆုံး။

■ KNU ထိန်းချုပ်နယ်မြေ၊ ဖာပွန်မှာ စကစ ထောက်ပို့ယာဉ်တန်း ပစ်ခတ်ခံရ၊ စကစ ၄ ဦးသေ။

■ ချင်း၊ ကန်ပက်လက်တိုက်ပွဲမှာ စကစ ၆ ဦးသေ။

(၃၁.၅.၂၀၂၁)

■ ရှမ်းမြောက်၊ ကွတ်ခိုင်၊ နမ့်ဖတ်ကာတွင်တိုက်ပွဲဖြစ်၊ စကစ ဒုတပ်ရင်းမှူးအပါအဝင် ၁၁ ဦးသေဆုံး။

■ မန္တလေးတိုင်း၊ မြို့သာမြို့ အမှတ် (၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဓားထိုးခံရ၍သေဆုံး။

■ ကချင်၊ ဖားကန့်၊ မန်ကျေးရွာ အုပ်ချုပ်ရေးမှူး သေနတ်နဲ့ပစ်ခံရပြီး သေဆုံး။

■ မန္တလေး၊ မြင်းခြံ၊ ကျောင်းဖြူကန်ရွာအုပ်ချုပ်ရေးမှူး ဓားထိုးခံရပြီး သေဆုံး။

■ မကွေး၊ ပေါက်မြို့နယ် ကြည့်ငိုတောင်တိုက်ပွဲတွင် အကြမ်းဖက် စကစ ဘက်က မိုင်းထိပြီး ၃၀ ခန့်သေဆုံး။

■ စစ်ကိုင်း၊ ကလေး၊ သာစည်ကျေးရွာတွ စကစ နှင့် ကလေး PDF တိုက်ပွဲဖြစ်၊ စကစ ၃ ဦးသေ။

■ အကြမ်းဖက်စစ်တပ်ကို KIA နှင့် ကသာ PDF ပူးပေါင်းတိုက်၊ အကြမ်းဖက် ၁၀ ဦးသေ။

■ ကယား၊ ဒီးမောဆိုမြို့၊ ကုန်းသာတိုက်ပွဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်သား ၈၀ ဦးထက်မနည်း သေဆုံး။

■ စစ်ကိုင်း၊ ကသာ PDF နှင့် KIA ပူးပေါင်းတိုက်၍ စကစတပ်ဖွဲ့ဝင် ၅ ဦးသေဆုံး ၁၀ ဦးဒဏ်ရာရ။

(၁.၆.၂၀၂၁)
- ■ မကွေး၊ ဂန့်ဂေါမြို့နယ်တွင် ဒလန်လုပ်နေသည့် အုပ်ချုပ်ရေးမှူး ၂ ဦးအပါအဝင် ၅ ဦးအသတ်ခံရ။
- ■ မွန်၊ သိမ်ဇရပ်မြို့မှာ PDF တိုက်ခိုက်လို့ စကစ ၂ဦးသေ။
- ■ ရန်ကုန်၊ လှိုင်သာယာတွင် မြို့နယ်ကောင်စီဝင် PPP အမတ် သေနတ်ပစ်ခံရပြီးသေဆုံး။
- ■ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၌ ပစ်ခတ်မှုဖြစ်ပွား စကစတပ်သား ၁ ဦးသေဆုံး။
- ■ ကရင်၊ ဖလူးရွာအနီးတွင် DKBA ခွဲထွက်နှင့် စကစလက်အောက်ခံ BGF တိုက်ပွဲဖြစ်၊ BGF ၃၂ဦးသေ။
- ■ စစ်ကိုင်း၊ ကလေးမြို့နယ်တွင် ဒလန် ၂ဦး ဓါးဒဏ်ရာများဖြင့် သေဆုံး။

(၂.၆.၂၀၂၁)
- ■ စစ်ကိုင်း၊ တန့်ဆည်မြို့တွင် စကစခန့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ၁ ဦး ပစ်သတ်ခံရ။
- ■ ကချင်၊ ဖားကန့်နှင့် မိုးညှင်းတွင် ဒလန် ၂ဦးအသတ်ခံရ။
- ■ ကရင်၊ ဖာပွန်နှင့် မြဝတီတိုက်ပွဲတွင် စကစ ၈ဦးသေ။

(၃.၆.၂၀၂၁)
- ■ ရောဝတီ၊ အင်္ဂပူမြို့နယ်တွင် ကြံ့ဖွံ့ပါတီဝင် စစ်တပ်သတင်းပေး ဒလန် ၁ ဦး ပစ်သတ်ခံရ။
- ■ မန္တလေး၊ မြင်းခြံမြို့တွင် အကြမ်းဖက်စစ်တပ်က စစ်သား ၁ ဦး သေနတ်နဲ့ ပစ်သတ်ခံရ။
- ■ စစ်ကိုင်း၊ ကလေးမြို့တောင်ပိုင်းတွင် PDF နှင့်တိုက်ပွဲဖြစ်ပြီး စကစတပ်ဖွဲ့ဝင် ၄ ဦးသေဆုံး။
- ■ ကချင်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်အတွင်း KIA နဲ့ တိုက်ပွဲတွင် စကစ သေဆုံးနဲ့ဒဏ်ရာရသူ ၂၀ ကျော်။
- ■ ချင်း၊ ဟားခါး–မတူပီလမ်းကြား စကစနှင့် CDF- Hakha တိုက်ပွဲတွင် စကစဘက် မှ ၈ ဦးသေဆုံး။
- ■ ချင်း၊ မင်းတပ် CDF နဲ့တိုက်ပွဲတွင် စကစမှ ၃ဦး မှ ၇ ဦးထိသေဆုံး။
- ■ မန္တလေးတွင် နယ်ထိန်း ၁ ဦးသေနတ်ပစ်ခံရပြီး သေဆုံး။
- ■ စစ်ကိုင်း၊ ကန့်ဘလူမြို့နယ်တွင် စစ်တပ်ယာဉ်တန်း တိုက်ခိုက်ခံရစဉ် ဒဏ်ရာရခဲ့သည့် ဒုရဲအုပ် သေဆုံး။
- ■ ရန်ကုန်၊ ဒေါပုံမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူး ၁ ဦး သေနတ်နဲ့အပစ်ခံရ။

(၄.၆.၂၀၂၁)
- ■ စစ်ကိုင်း၊ ကလေးမြို့တောင်ပိုင်းတွင် PDF နှင့်တိုက်ပွဲဖြစ်ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ဦးသေဆုံး။
- ■ မကွေး၊ ထီးလင်း PDF နဲ့တိုက်ပွဲတွင် စကစ ၃ ဦးသေ။
- ■ ကချင်၊ မိုးမောက်မြို့နယ်၊ ဒေ့ါဖုန်းယန်မြို့အနီးတိုက်ပွဲတွင် အာဏာသိမ်းစစ်တပ်ဘက် ၂၀ ကျော် ထိခိုက်သေ။

**“**

**ဒီတပတ်တော့**

**သာရေးသတင်းကို စာမျက်နှာ ၂ မျက်နှာနဲ့ ဖော်ပြခွင့်ရခဲ့ပါတယ်။**

**နောင်အပတ်တွေလည်း သာရေးသတင်းတွေ ဝေဆာစေလိုပါကြောင်း**

**မိုလိုတော့ဗ်အဖွဲ့သားများက ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။**

**CCTV ပိုင်ရှင်များမှလည်း**

**CCTV မှတ်တမ်းများကို တနေ့တခါ ဖျက်ပစ်ကြဖို့ မမေ့ပါနဲ့ခင်ဗျာ။**

**”**